**Student behaviour**

**Parent/carer factsheet**

# ကျောင်းသားများ၏အပြုအမူ။

## မိဘ/အုပ်ထိန်းသူ အချက်အလက်စာရွက်။

### အပြုအမူ။

ကျွန်ုပ်တို့သည် သင့်ကလေးအတွက် ဘေးကင်း၍ ပျော်စရာကောင်းသော ကျောင်းတကျောင်းဖြစ်စေရန် အာမခံသည်။ ကျောင်းသား အပြုအမူကို ထောက်ပံ့ပေးခြင်းသည် ကျောင်းသား၏ စွမ်းဆောင်ရည် နှင့် ကောင်းမွန်စွာနေထိုင်ရေးကို ကူညီရန်၊ အားပေးရန် နှင့် မြှင့်တင်ရန် တို့အတွက် အရေးကြီးသည်။ ကျောင်းများသည် ပူးပေါင်းဆောင်ရွက်သော၊ ပံ့ပိုးကူညီသော၊ စည်းလုံးသော သင်ယူမှု ပတ်ဝန်းကျင်များ ထားရှိပေးရန် ရည်ရွယ်သည်။ ကျောင်းအဖွဲ့ အစည်းဆိုင်ရာ ပဋိညာဉ်စာချုပ် သည် ထိုသို့ လုပ်ဆောင်ပုံများကို မိဘများ၊ အုပ်ထိန်းသူများ၊ ပညာသင်ကြားပေးသူများနှင့် ကျောင်းဝန်ထမ်းများအတွက် ဖော်ပြပေးထားသည်။

### ကျောင်းသားများ၏အပြုအမူဆိုင်ရာ မဟာဗျူဟာ

ကျောင်းသားများ၏အပြုအမူဆိုင်ရာ မဟာဗျူဟာ (Student Behaviour Strategy) သည် ကျောင်းသားတိုင်းကို သိနားလည်၊ တန်ဖိုးထားကာ၊ ဂရုစိုက်ပေးနိုင်မှုများ ပါဝင်သည့် ပညာရေးစနစ်တခုကို တည်ဆောက်ပြီး ကျောင်းသားအားလုံး ၎င်းတို့ တတ်စွမ်းသမျှ သင်ယူနိုင်ရန် ကူညီပေးသည်။ ထောက်ပံ့ကူညီခြင်းခံရပြီး ဘေးကင်းသည် ဟု ခံစားရသော ကျောင်းသားများသည် ကျောင်းနှင့်ပိုမို ဆက်သွယ်မှုရှိကြပြီး ၎င်းတို့၏ သင်ယူမှုတွင် တက်ကြွစွာ ပါဝင်သူများပိုမို ဖြစ်နိုင်သည်ကို သိရှိရသည်။

အပြုသဘောဆောင်၍ လေးစားမှုရှိသော သင်ယူမှု ပတ်ဝန်းကျင်များသည် သာယာချမ်းမြေ့စွာနေထိုင်ခြင်းနှင့် ပညာရေး အောင်မြင်တိုးတက်မှုများ ရရှိစေရန် ကူညီပံ့ပိုးပေးသည်။ အဆိုပါ မဟာဗျူဟာသည် ကြိုတင်ကာကွယ်မှုရှိ၍ အပြုသဘောဆောင်သော၊ ကျောင်းသားဗဟိုပြုပြီး၊ စည်းလုံးညီညွတ်မှုသည် အခရာကျသော ကျောင်း နှင့် မိသားစု ချဉ်းကပ်ခြင်းအား ထောက်ပံ့ပေးသည်။ ကျောင်းသားများ၏ လိုအပ်ချက်များကို စောင့်ရှောက်မှု တာဝန်ခံ (Care Continuum). က ဖြည့်ဆည်းပေးမည် ဖြစ်သည်။

### ကျောင်းသားများအတွက် အပြုအမူဆိုင်ရာ ဥပဒေ။

ကျောင်းသားများအတွက် အပြုအမူဆိုင်ရာ ဥပဒေသည် NSW ပြည်နယ် အစိုးရကျောင်းများဆိုင်ရာ ကျောင်းသားများ ထံမှ မျှော်မှန်းထားသော အပြုအမူများ (Behaviour Code for Students) ကို ဖော်ပြထားသည်။ သင့်ကလေး၏ကျောင်းသည် ၎င်းတို့ကျောင်း၏ မျှော်မှန်းထားသော အပြုအမူများကို တိုးတက်အောင် ဖော်ဆောင်ပေးမည် ဖြစ်သည်။သင့်ကလေး၏ကျောင်းမှ ဝန်ထမ်းများသည် အဆိုပါမျှော်မှန်းထားသော အပြုအမူများကို သင်ကြားပြသပေးမည်ဖြစ်သည်။

### စိုးရိမ်စရာအပြုအမူများ။

ကလေးများနှင့် အရွယ်ရောက်ပြီးသူများသည် ကြီးပြင်းလာမှု၏ ပုံမှန်အစိတ်အပိုင်းတစ်ခုအဖြစ် တစ်ခါတစ်ရံတွင် ခက်ခဲသောအပြုအမူကို ပြသနိုင်သည်။ သင့်ကလေးသည် အခြားသူများ၏ အပြုအမူကြောင့် ထိခိုက်ခြင်း (သို့မဟုတ်) ၎င်းတို့၏ အပြုအမူကြောင့် အခြားသူများကို ထိခိုက်နိုင်သည်။ သင့်ကလေးသည် ကျောင်းတွင် အပြုအမူဆိုင်ရာ ပြဿနာများအကြောင်း ပြောပြပါက လုပ်ဆောင်ရမည့်အချက်အလက်များကို ဤဝဘ်ဆိုဒ်တွင် ရရှိနိုင်ပါသည်။

### အချက်အလက်များ ပိုမိုသိရှိလိုပါက။

အပြုအမူဆိုင်ရာ ပံ့ပိုးကူညီမှုအကြောင်း ပိုမိုသိရှိလိုပါက (သို့မဟုတ်) သင့်ကလေး၏ အပြုအမူနှင့် ပတ်သက်၍ စိုးရိမ်မှုများရှိပါက ကျောင်းကို ဆက်သွယ်ပါ။

### တယ်လီဖုန်း စကားပြန် ဝန်ဆောင်မှု။

သင်သည်ကျောင်းကိုဆက်သွယ်ရန်ဆန္ဒရှိပြီး အင်္ဂလိပ်လို ပြောဆိုရန် အကူအညီလိုအပ်ပါကတယ်လီဖုန်း စကားပြန်ဝန်ဆောင်မှု 131 450 ကိုခေါ် ဆိုပါ၊ သင်ပြောဆိုရန်လိုအပ်သည့်ဘာသာစကားကိုပြောပြပြီး အော်ပရေတာအား ကျောင်းသို့ ဖုန်းဆက်ခိုင်းပါ။ အော်ပရေတာသည် သင့်စကားပြောဆိုမှုကို ကူညီပေးရန် လိုင်းပေါ်တွင် စကားပြန်တစ်ဦးကို ခေါ်ပေးမည်။ ဤဝန်ဆောင်မှုအတွက် သင့်အား အဖိုးအခ ကောက်ခံမည် မဟုတ်ပါ။